**ထုတ်ပြန်ရက်-** 2024 ခုနှစ်၊ နိုဝင်ဘာလ 25 ရက်

# ပညာရေး အေဂျင်စီ နားထောင်ပြီး လေ့လာပါ- အများပြည်သူ ပါဝင်ဆောင်ရွက်ရေး အခွင့်အလမ်းများ

Vermont ပညာရေး အေဂျင်စီသည် 2024 ခုနှစ် နားထောင်ပြီး လေ့လာပါ ခရီးစဉ်၏ နောက်ထပ်တစ်ဆင့်ကို ကြေညာလိုက်ပြီး Vermont ၏ ပညာရေးစနစ်ထံသို့ ဝန်ဆောင်မှုများနှင့် ပံ့ပိုးကူညီမှုများကို အေဂျင်စီက မည်သို့မည်ပုံ ဖြည့်ဆည်းပေးနေသည်ကို အသိပေးရန် အသိုင်းအဝိုင်း စကားဝိုင်းများတွင် ပါဝင်ဖို့ အများပြည်သူအား ဖိတ်ခေါ်အပ်ပါသည်။

ဤအများပြည်သူ ပါဝင်ဆောင်ရွက်ရေး ကဏ္ဍများသည် ပညာရေးအေဂျင်စီအား ၎င်း၏ ဗျူဟာမြောက် အစီအစဉ်ကို ရေးဆွဲရာတွင်နှင့် ၎င်း၏ လုပ်ဆောင်ချက်က Vermont အနှံ့ရှိ အသိုင်းအဝိုင်းများ၏ ပညာရေးဆိုင်ရာ ဦးစားပေးမှုများကို အားပေးထောက်ခံကြောင်း သေချာစေရေးတို့တွင် အကူအညီပေးပါမည်။ ဒေတာ အစီရင်ခံစာ စီးရီးနှင့် ပညာရေး ခေါင်းဆောင် 250 ကျော်နှင့်အတူ ဒေသတွင်း စီစဉ်ရေး ကဏ္ဍများ ပြီးနောက်တွင်၊ အေဂျင်စီသည် ပြည်နယ်အနှံ့ရှိ အသိပညာပေးသူများ၊ မိဘများ၊ ကျောင်းသားများနှင့် အသိုင်းအဝိုင်း အဖွဲ့ဝင်များကို ထည့်သွင်းရန် ဤစကားဝိုင်းများကို တိုးချဲ့ဖို့ စိတ်အားထက်သန်နေပါသည်။ အေဂျင်စီသည် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်မှုကို တိုက်တွန်းအားပေးပြီး ကျောင်းသားများ၊ မိသားစုများနှင့် အသိုင်းအဝိုင်း မိတ်ဖက်များ အပါအဝင် Vermont တွင် နေထိုင်သူအားလုံးထံမှ အကြံဉာဏ်များကို လက်ခံကြိုဆိုပါသည်။

အများပြည်သူ ပါဝင်ဆောင်ရွက်ရေး ကဏ္ဍတစ်ခုစီကို အောက်ပါတည်နေရာများတွင် ည 6:00 နာရီမှ ည 8:00 နာရီအတွင်း ကျင်းပသွားပါမည်။ ကဏ္ဍတိုင်းသည် အတွင်းကျကျ စကားဝိုင်းများတွင် ပို၍ ပံ့ပိုးကူညီပေးရန် မိတ်ဆက် အချက်အလက်များနှင့် ဒေတာများဖြင့် စတင်ပါမည်၊ ထို့နောက်တွင် ကျောင်းသား အောင်မြင်ရေးနှင့် ပံ့ပိုးကူညီမှု၊ သက်မွေးလုပ်ငန်းနှင့် ကောလိပ် အသင့်ဖြစ်ရေးနှင့် ကျောင်း သတ်မှတ်အသုံးစရိတ်များဆိုင်ရာ အကြောင်းအရာများအတွက် လူစုနည်းနည်းဖြင့် ကဏ္ဍများကို ဆက်လက်လုပ်ဆောင်သွားပါမည်။ အသေးစိတ် အစီအစဉ်များကို အခမ်းအနားရက်နီးလာသည့်အခါ အေဂျင်စီ ဝဘ်ဆိုက်တွင် ဖော်ပြပေးသွားပါမည်။

ဆက်သွယ်ရန်- လုပ်ငန်းဆောင်ရွက်မှု ဒါရိုက်တာ၊ Courtney.OBrien@vermont.gov

| **ရက်စွဲ** | **တည်နေရာ** |
| --- | --- |
| ဒီဇင်ဘာလ 3 ရက် | **King Street Center**<br>87 King St<br>Burlington, Vermont |
| ဒီဇင်ဘာလ 3 ရက် | **Brattleboro Union High School**<br>131 Fairground Rd<br>Brattleboro, Vermont |
| ဒီဇင်ဘာလ 4 ရက် | **Champlain Valley Union High School**<br>369 C V U Rd<br>Hinesburg, Vermont |
| ဒီဇင်ဘာလ 10 ရက် | **ဗာကျူရယ် အစည်းအဝေး**<br>(အစည်းအဝေး လင့်ခ်ကို လက်ခံရရှိရန် မှတ်ပုံတင်ပေးပါ) |

အေဂျင်စီသည် Vermont တွင် နေထိုင်သူအားလုံးထံမှ ကြားသိလိုပါသည်။ ကျွန်ုပ်တို့သည် စီစဉ်ထားသော အများပြည်သူ အခမ်းအနားများအတွက် လူကိုယ်တိုင် ဘာသာပြန်ဝန်ဆောင်မှုများ ရရှိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နောက်ထပ် အချက်အလက်များကို ကျွန်ုပ်တို့၏ ဝဘ်ဆိုက်တွင် မြင်တွေ့နိုင်ပါသည်- [ပညာရေး အေဂျင်စီ နားထောင်ပြီး လေ့လာပါ ခရီးစဉ် | ပညာရေး အေဂျင်စီ]

နားထောင်ပြီး လေ့လာပါတွင် ပါဝင်ရန် ဆန္ဒရှိသော်လည်း လူကိုယ်တိုင် အခမ်းအနားကို မတက်ရောက်နိုင်သည့် အင်္ဂလိပ်မဟုတ်သော စကားပြောသူများအတွက် သို့မဟုတ် သက်ဆိုင်ရာ ဘာသာစကား ဝန်ဆောင်မှုများ မရနိုင်သည့် အခမ်းအနားများအတွက်၊ အေဂျင်စီသည် အများပြည်သူ ပါဝင်ဆောင်ရွက်ရေး အခမ်းအနားများတွင် ဆွေးနွေးခဲ့သော ဆွေးနွေးချက်များနှင့် အကြောင်းအရာများကို ထင်ဟပ်ဖော်ပြသည့် ဆွေးနွေးချက်စာ သို့မဟုတ် ရှင်းလက်ချက်မှတ်စုအတွက် အခွင့်အလမ်းများ ပေးအပ်ခဲ့ပါသည်။

ဘာသာပြန်ဆိုထားသော ဆွေးနွေးချက် မေးခွန်းများကို နှစ်သက်လိုလားသော ဘာသာစကားဖြင့် ဝင်ကြည့်ရန်အတွက် ဝင်ရောက်ပေးပါ- [ပညာရေး အေဂျင်စီ နားထောင်ပြီး လေ့လာပါ ခရီးစဉ် | ပညာရေး

အေဂျင်စီ။ ဖြေဆိုပြီးသော မေးခွန်းများကို အီးမေးလ် Courtney.OBrien@vermont.gov သို့ဖြစ်စေ သို့မဟုတ် အောက်ပါလိပ်စာသို့ မေးလ်ဖြင့်ဖြစ်စေ ပြန်လည်ပေးပို့နိုင်ပါသည်-

Agency of Education

လိပ်မူရန်လိပ်စာ- Courtney O'Brien

One National Drive, Davis Building

5th Floor

Montpelier, VT 05602

အချိန်နှင့်တစ်ပြေးညီအဖြစ်ဆုံး အများပြည်သူ ချိတ်ဆက်လုပ်ဆောင်ရေး အချိန်ဇယားများ၊ ဗာကျူရယ် ကဏ္ဍများအတွက် လင့်ခ်များ၊ ဘာသာစကား ရယူအသုံးပြုရေးဆိုင်ရာ အချက်အလက်များနှင့် ကလေးစောင့်ရှောက်မှု ရရှိနိုင်ခြင်းတို့ကို ကြည့်ရန် နားထောင်ပြီး လေ့လာပါ ဝဘ်ဆိုက်များကို စစ်ဆေးပါ။ မလိုအပ်သော်လည်း အွန်လိုင်း စာရင်းသွင်းပုံစံ နားထောင်ခြင်းနှင့် လေ့လာခြင်း စာရင်းသွင်းမှု (cognitoforms.com) ကို အသုံးပြုရန် တိုက်တွန်းအပ်ပါသည်။ အေဂျင်စီသည် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်မှုကို တိုက်တွန်းအားပေးပြီး Vermont တွင် နေထိုင်သူများအားလုံးထံမှ အကြံဉာဏ်များကို လက်ခံကြိုဆိုပါသည်။ မေးခွန်းများ ရှိပါက aoe.publicinformation@vermont.gov သို့ အီးမေးလ်ပို့ပါ။